# ပေခုံကျေးရွာ

# သရက်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေခုံကျေးရွာ၊ သရက်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁-ခုနှစ်၊ မတ်လ

# မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီး | | ၄ |
| ပေခုံကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်မြို့နယ် | | ၇ |
| ၁။ | တည်နေရာနှင့် ပထဝီဝင်အနေအထား | ၈ |
| **၂။** | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | **၈** |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | **၉** |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) **သီးနှံစိုက်ပျိုးရေး** | **၉** |
| | (ခ) **မွေးမြူရေးလုပ်ငန်း** | **၁၀** |
| | (ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | **၁၀** |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၁ |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | **၁၁** |
| | (က) **ကျေးလက်သယ်ယူပို့ဆောင်ရေး** | **၁၁** |
| | (ခ) **ကျေးရွာမီးလင်းရေး** | **၁၁** |
| | (ဂ) **သတင်းနှင့်ဆက်သွယ်ရေး** | **၁၁** |
| **၆။** | **ပညာရေး** | **၁၂** |
| **၇။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | **၁၂** |
| **၈။** | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၁၃** |
| **၉။** | **ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ** | **၁၃** |

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၄

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ၁၆

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၂၈

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၅

နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) ၆၈

နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) ၇၁

နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) ၇၄

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀–၂၀၂၁ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ပေခုံ ကျေးရွာ၏ ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ရေးဆွဲသည့် ပထမဦးဆုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေး ကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ရပ်မိရပ်ဖများ၊ကျေးရွာနေပြည်သူများနှင့်သရက်မြို့နယ်ကျေးလ က် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ

သိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့် အချိန်တွင်လည်း လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ မကွေးတိုင်းအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်းနှစ်ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိမှုလမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း အချက်အလက်

အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

မတ်လ၊ ၂၀၂၁-ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေခုံကျေးရွာ

သရက်မြို့နယ်

## မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ပေခုံကျေးရွာအုပ်စု၊

## ပေခုံကျေးရွာ၏ ကျေးရွာနှင့် သယံဇာတပြမြေပုံ



## ၁။ ကျေးရွာ၏ တည်နေရာနှင့် ပထဝီဝင် အနေအထား

သရက်မြို့နယ်၊ မင်းတည်းကျေးရွာအုပ်စု၊ ပေခုံကျေးရွာသည် သရက်မြို့နှင့် (၃)မိုင်ခန့်အကွာတွင် တည်ရှိပြီး သရက်မြို့နှင့် ဆက်သွယ်သွားလာရေးမှာ မြေနီကျောက်စရစ်လမ်းဖြစ်ပါသည်။ ပေခုံကျေးရွာနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ကျေးရွာများမှာ အနောက်ဘက်တွင် သရက်ခုံကျေးရွာ၊ တောင်ဘက်တွင် ကျောင်းခုံကျေးရွာနှင့် ဘုရားစုကျေးရွာ၊ ရွာဘေးတွင် စိုက်ပျိုးရေးအတွက် အားထားရသည့် ချောင်းတည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းတို့ဖြစ်ပါသည်။ ကျေးရွာ၏ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပါသည်။ လယ်ယာမြေများသည် စပါး၊ နှမ်း၊ မြေပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အဓိက အားထားရာ ဖြစ်ပါသည်။ ရာသီဥတုအနေဖြင့် ပူပြင်းခြောက်သွေ့ပြီး တခါတရံ မိုးနည်းပြီး၊ တခါတရံ မိုးများသဖြင့် ရာသီဥတု မမှန်သော အနေအထား ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၁၂၄.၂၁)ဧက၊ ယာမြေ(၈၈.၂၅) ဧက၊ ဥယျာဉ်ခြံမြေ (၂၃.၂)၊ ကိုင်း (၁၂၅.၁)ဧက၊ စားကျက်မြေ(၅၂.၇၅)ဧကနှင့် မြေလွတ်မြေလပ်(၈)ဧက စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၄၂၁.၅၁)ဧက ပိုင်ဆိုင် ကြောင်းတွေ့ရှိရပါသည်။ တောင်သူအိမ်ထောင်စု တစ်စုလျှင် ပျမ်းမျှ (၅)ဧကခန့် ပိုင်ဆိုင်ကြပါသည်။

**ပေခုံ**ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ နွားစာ/ဝက်စာများအဖြစ် စားကျက်မြေ နည်းပါးကြောင်း၊ တွင်းထွက် သယံဇာတ မရှိကြောင်း၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပြီး အခြား ရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

**ပေခုံ**ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ- ဘာသာရေးအသင်းအဖွဲ့များအဖြစ် ဓမ္မစကူးအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် ရပ်မိရပ်ဖ အဖွဲ့၊ လူငယ်အဖွဲ့၊ ပရဟိတအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့များအဖြစ် အုပ်ချုပ်ရေးအဖွဲ့တို့ ဖွဲ့စည်းဆောင်ရွက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါအဖွဲ့အစည်းများတွင် ကျေးရွာနေ လူကြီး/လူငယ်၊ အမျိုးသား/ အမျိုးသမီးများ အစုံအလင် ပူးပေါင်းပါဝင်မှုရှိအောင် ဖွဲ့စည်း ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီဝင်များသည် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော လုပ်ငန်းများအား သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

**ပေခုံ**ကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ (၅)ဧကမှ(၁၂.၅) ဧကကြား ပိုင်ဆိုင်သူ အိမ်ထောင်စု(၃၀)စု၊ အလယ်အလတ်အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၅၄)စု၊ မြေပိုင်ဆိုင်မှု မြေယာမဲ့ လက်လုပ်လက်စား အိမ်ထောင်စု (၂၂)စု ရှိပါသည်။

အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ နှမ်း၊ မြေပဲတို့ဖြစ်ပါသည်။ နှမ်းအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၃)တင်း၊ အများဆုံး (၁၂)တင်းနှင့် ပျမ်းမျှ (၅)တင်း ထွက်ရှိပါသည်။

မြေပဲ(၁)ဧက အထွက်နှုန်းမှာ အနည်းဆုံး (၃၅၀)ပိဿာ၊ အများဆုံး (၅၀၀)ပိဿာနှင့် ပျမ်းမျှ (၄၀၀)ပိဿာ ထွက်ရှိပါသည်။ စပါးအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၃၈)တင်း၊ အများဆုံး (၈၀)တင်းနှင့် ပျမ်းမျှ (၆၀)တင်း ထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ် အနေဖြင့် အသင့်အတင့်ရရှိပါသည်။ မျိုးကောင်းမျိုးစေ့၊ ဓါတ်မြေ ဩဇာ၊ ပိုးသတ်ဆေး၊ အပင် အားတိုးဆေးစသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း မြေဆီလွှာ မကောင်းသဖြင့် အထွက်နှုန်း နည်းပါးပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ပေခုံကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၇)စုရှိပြီး ဝက်အကောင်ရေ (၂၂)ကောင်၊ ကြက်မွေးမြူ ရေးလုပ်ကိုင်သူအိမ်ထောင်စု (၆၆)စု ရှိပြီး ကြက်ကောင်ရေ (၂၃၄)ကောင်နှင့် နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၅၅)စုရှိပြီး နွားအကောင်ရေ (၁၆၇)ကောင် မွေးမြူလျှက်ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

အဓိကဝင်ငွေရအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှုအနေဖြင့်ကျေးရွာနေ အိမ်ထောင်စု၏ (၆၇%)မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး၊ မွေးမြူရေး လုပ်ကိုင်သူ အိမ်ထောင်စု(၁%)၊ အရောင်းအဝယ် လုပ်ကိုင်သူ (၁%)နှင့် နေ့စား/ကျပန်း လုပ်ကိုင်သူ အိမ်ထောင်စု(၅%)ရှိပါသည်။ အဓိကလုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည့် တွဲဖက်လုပ်ငန်းများအဖြစ် ပညာရေးဌာန/ ကျန်းမာရေးဌာနနှင့် အခြားဌာန တို့တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ်လည်းကောင်း၊ ကိုယ်ပိုင် လုပ်ငန်းများအဖြစ် ကားများဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်း ဆောင်ရွက်ကြပြီး အိမ်ထောင်စု၏ (၃၀%)မှာ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ သွားရောက် အလုပ်လုပ်ကိုင်ကြ ကြောင်း သိရှိရပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှ ငွေလွှဲ/ငွေပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါက သရက်မြို့နှင့် ကံမမြို့ တို့ရှိ မြန်မာ့စီးပွားရေးဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များသို့ သွားရောက်၍ ငွေလွှဲ/ငွေပို့ခြင်း များ ဆောင်ရွက်ကြရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ အဓိကထွက်ကုန်များကို သရက်မြို့နှင့် ပြည်မြို့တို့သို့ ကားဖြင့် သယ်ယူ ပို့ဆောင်ခြင်းဖြစ်ပါသည်။ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ အားလုံးမှာ မြေသားလမ်းများ ဖြစ်သဖြင့် မိုးရာသီတွင် သွားရေးလာရေး ခက်ခဲမှုများ ကြုံတွေ့ကြရ ပါသည်။ ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စုများ၏ သယ်ယူ ပို့ဆောင်ရေးယာဉ်များ ပိုင်ဆိုင်မှုအနေဖြင့် ဆိုင်ကယ်(၄၉)စီး၊ စက်ဘီး(၄၃)စီး၊ ကား(၁)စီး၊ ထော်လာဂျီ (၁)စီး နှင့် နွားလှည်း (၅၄)စီး ပိုင်ဆိုင်ကြပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာအတွင်းနေထိုင်သည့် အိမ်ထောင်စု(၁၀၆)စုအနက် (၃၅)အိမ်မှာ ကိုယ်ပိုင် ဆိုလာမီး သုံးစွဲကြပြီး ကျေးရွာဘုံ အင်ဂျင်မီးစက်မှ သုံးစွဲသူ အိမ်ထောင်စု (၇၁)စုရှိပါသည်။

### (ဂ) သတင်းနှင့်ဆက်သွယ်ရေး

**ကျေးရွာနေအိမ်ထောင်စုအများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြပြီး ဖုန်း(၁၃၁) လုံး၊ ရေဒီယို (၃၀)လုံး၊ တီဗွီ (၅၀)လုံးနှင့် ဂြိုလ်တုစလောင်း (၁၀)ခု ပိုင်ဆိုင်ကြခြင်းကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေ အတန်အသင့် ကောင်းမွန်ပါသည်။**

## ၆။ ပညာရေး

**ကျေးရွာသူ/သားများအနေဖြင့် ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိပြီး အများစုမှာ အခြေခံ အရေး၊ အဖတ်၊ အတွက်အချက်တို့ကို တတ်မြောက်ကြပါသည်။ ကျေးရွာ တွင် အခြေခံပညာရေးကို ရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် တက် ရောက် သင်ယူနိုင်ပါသည်။**

ပေခုံကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူဦးရေမှာ မူလတန်းတွင် (၁၆)ဦး၊ အလယ်တန်းတွင် (၂၂)ဦး၊ အထက်တန်းတွင် (၂၀)ဦးနှင့် တက္ကသိုလ် တက်ရောက်နေသူ (၇)ဦး ရှိပါသည်။

ပေခုံကျေးရွာရှိ မူလတန်းလွန်ကျောင်းတွင် စတုရန်းပေ(၁၇၄၀)အကျယ်ရှိ စာသင်ကျောင်းဆောင် တစ်ဆောင်ရှိပြီး ကျောင်းသား (၂၂)ဦးနှင့် ကျောင်းသူ(၂၂)ဦး စုစုပေါင်း (၄၄)ဦး တက်ရောက် ပညာသင်ယူလျှက်ရှိပါသည်။ အစိုးရခန့် ဆရာ/ ဆရာမ (၉)ဦးတို့မှ တာဝန်ယူ သင်ကြားလျှက်ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာနေ ရွာသူ/ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြ ပါသည်။ ကျေးရွာနှင့်(၃)မိုင်ခွဲခန့်အကွာ ဆင်ကော်ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပြီး လမ်းပမ်းဆက်သွယ်ရေးလည်း အသင့်အတင့်ကောင်းမွန်သဖြင့် မြို့နယ်ဆေးရုံများနှင့်လည်း လက်လှမ်းမီ သလောက်ရှိပါသည်။ ကျေးရွာတွင်လက်နှိပ်တုံကင်တွင်းများ အလွယ်တကူ ရရှိပြီး သောက်သုံးရေသန့်ရှင်းသည့်အတွက် ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါ ဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရှိရပါသည်။ အခြား HIV/ AIDS ရောဂါများ ဖြစ်ပွားမှု လုံးဝမရှိပါ။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လွန်ခဲ့သော (၁၂)လအတွင်း ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ စသည့် ရောဂါများအတွက် ကာကွယ် ဆေးနှင့် အခြားစုပေါင်းကာကွယ်ဆေး ထိုးနှံမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် အဟာရပညာပေး အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ပါသည်။

ကျေးရွာနေအိမ်ထောင်စုများ သောက်သုံးရေရရှိမှု အနေဖြင့် ပုဂ္ဂလိကပိုင် တုံကင်(၁၁)တွင်း၊ မိုးရေလှောင်ကန်(၁၂)ကန်နှင့် စက်တပ်အဝီစိတွင်း (၁၂)တွင်းရှိသည့်အတွက် တစ်နှစ်

ပတ်လုံး သောက်သုံးရေဖူလုံမှုရှိပါသည်။ ကျေးရွာ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးများကိုလည်း အစဉ်တစိုက် ပြုလုပ်ဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာနေ အိမ်ထောင်စုအများစုမှာ ကျန်းမာရေးဗဟုသုတရှိသည့် အားလျော်စွာ သန့်ရှင်းသော ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲသူ အိမ်ထောင်စု (၁၀၃)စုရှိပြီး တွင်းရှိ အိမ်သာသုံးစွဲသူ အိမ်ထောင်စု(၃)စု ရှိပါသည်။

၈။ ဘေးအန္တရယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်း ချို့တဲ့နွမ်းပါးသော အိမ်ထောင်စုများသည် အငှားလိုက် နေ့စားများ အဖြစ် လုပ်ကိုင်ကြပြီး မိုးတွင်းကာလတွင် ငှားရမ်းသူမရှိခြင်းကြောင့် စားနပ်ရိက္ခာ မဖူလုံမှု ကြုံတွေ့ရတတ်ပါသည်။ အချို့နှစ်များတွင် မုန်တိုင်းတိုက်ခတ်မှုများ ကြုံတွေ့ကြရသော်လည်း ကြီးကြီးမားမား ဆုံးရှုံးမှု မရှိခဲ့ပါ။ အခြားသဘာဝဘေး အန္တရာယ်ဖြစ်ပွားမှု နည်းပါးပါသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ကြွယ်ဝသည့်အတွက် ရောဂါဖြစ်ပွားမှုနှုန်းလည်း နည်းပါးပါသည်။

စိုက်ပျိုးမြေများမှာ နှစ်ကာလ ကြာရှည်စွာ စိုက်ပျိုးခဲ့ကြပြီး မြေဩဇာအသုံးပြုမှု နည်းပါးသဖြင့် သဘာဝမြေဆီလွှာ၏ အရည်အသွေးမှာ အသင့်အတင့်သာရှိပါသည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုရှိပြီး အမျိုးသားများ နည်းတူလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိမှုအားနည်းပါသည်။ သို့သော် အခြားသောလူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် ဦးစီးဦးဆောင် ဆောင်ရွက်မှု ကောင်းမွန်ပြီး ကျေးရွာ၏ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးတွင်လည်း လုပ်ဆောင်နိုင်ကြပါသည်။ အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍ အသီးသီးတွင် အမျိုးသမီးများအပေါ် ကျားမ ခွဲခြားမှုမရှိဘဲ ပူးပေါင်း၍ ဆောင်ရွက်မှုများ အားကောင်းလာခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင်

အထိုက်အလျောက် အောင်မြင်မှုများ ရရှိနေခြင်း ဖြစ်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ရေမျက်ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် လေ့လာတွေ့ ရှိရသော လိုအပ်ချက်/ ပြဿနာများ၊ ကျေးရွာနေပြည်သူများ၏ ဆွေးနွေးအကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| မီးရရှိရေး | 9 m ကွန်ကရစ် မီးတိုင်၊ 95mm$^2$ မီးကြိုးသွယ်တန်းခြင်း လုပ်ငန်း | ၃၆၀ | ၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနမှ အကောင်အထည်ဖော်ဆောင် ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေသိန်း(၁၀၀)နှင့် ပြည်သူ ထည့်ဝင်ငွေတို့ဖြင့်လျှပ်စစ်မီးရရှိရေး လုပ်ငန်းများဆောင်ရွက်ရန် | |
| ပညာရေး | ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း (၄၀’×၂၀’) | ၂၅၀ | ၂ | သက်ဆိုင်ရာဦ:စီးဌာနနှင့် ဆက်သွယ်၍ ရန်ပုံငွေရရှိရေးတင်ပြတောင်းခံရန် | |
| လမ်းပမ်း ဆက်သွယ်ရေး | ရွာတွင်းလမ်း မြေနီခင်းခြင်း လုပ်ငန်း (၁၇၀၀’×၁၅’) | ၂၃၀ | ၃ | သက်ဆိုင်ရာဦ:စီးဌာနနှင့် ဆက်သွယ်၍ ရန်ပုံငွေရရှိရေးတင်ပြတောင်းခံရန် | |
| လမ်းပမ်း ဆက်သွယ်ရေး | ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်း(၀/၂)မိုင် | ၂၀၀ | ၄ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦ:စီးဌာနနှင့် ဆက်သွယ်၍ ရန်ပုံငွေ ရရှိရေးတင်ပြတောင်းခံရန် | |

| | | | | | |
|---|---|---|---|---|---|
| ကျန်းမာရေး | ဆေးပေးခန်း တည်ဆောက်ခြင်း လုပ်ငန်း | ၁၆၅ | ၅ | သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ ကျန်းမာရေးဆေးပေးခန်း နှင့် ဝန်ထမ်း ချထားရေး တင်ပြတောင်းခံရန် | |
| အုပ်ချုပ်ရေး | အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ရန် | ၁၅၅ | ၆ | အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ရန် | |
| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ် ချက် |
| မီး ဘေးအန္တရာယ် | မီးသတ်ဌာနခွဲ အဆောက်အဦ တည်ဆောက်ရန် | ၁၃၅ | ၇ | သက်ဆိုင်ရာဦးစီးဌာနနှင့် ဆက်သွယ် ဆောင်ရွက်ရန် | |
| ပညာရေး | KG ကျောင်း ဆောင်သစ်တည် ဆောက်ရန် | ၁၃၀ | ၈ | သက်ဆိုင်ရာဦးစီးဌာနနှင့် ဆက်သွယ်၍ ရန်ပုံငွေရရှိရေးတင်ပြတောင်းခံရန် | |
| ပညာရေး | မူလွန်ကျောင်း ဆောင်သစ်တည် ဆောက်ရန် | ၁၂၅ | ၉ | သက်ဆိုင်ရာဦးစီးဌာနနှင့် ဆက်သွယ်၍ ရန်ပုံငွေရရှိရေးတင်ပြတောင်းခံရန် | |

၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သည့်
မင်းတည်းကျေးရွာအုပ်စု၊ ပေခုံကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | ပညာ အရည်အချင်း | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးထွန်းအောင်ကျော် | ဦးထွန်းရင် | ၈/သရန (နိုင်) ၀၃၁၉၃၀ | ၇ တန်း | ဥက္ကဋ္ဌ | ၀၉- ၇၆၀၇၂၁၅၆၆ | |
| ၂ | ဒေါ်သန်းသန်းမွေး | ဦးမြင့်ကျော် | ၈/သရန (နိုင်) ၁၀၆၀၆၆ | ၈ တန်း | အတွင်းရေးမှူး | ၀၉- ၇၅၉၂၈၉၈၄၁ | |
| ၃ | ဦးလှမျိုးကို | ဦးရွှေထွန်း | ၈/သရန (နိုင်) ၀၇၉၉၃၁ | B.A(Geo) | ဘဏ္ဍာရေးမှူး | ၀၉- ၇၉၉၀၁၅၁၉၀ | |
| ၄ | ဒေါ်သိမ့်သိမ့်အေး | ဦးအောင်ရီ | ၈/အလန (နိုင်) ၀၇၁၀၆၃ | ၁၀ တန်း | စာရင်းကိုင် | ၀၉- ၇၆၉၄၅၃၄၄၁ | |
| ၅ | ဦးလှအောင် | ဦးစံကြည် | ၈/သရန (နိုင်) ၀၃၁၉၂၄ | ၇ တန်း | အဖွဲ့ဝင် | ၀၉- ၄၅၄၈၃၁၈၁၃ | |
| ၆ | ဒေါ်ရီရီနွယ် | ဦးမိုးဝင်း | ၈/သရန (နိုင်) ၁၁၉၁၀၀ | ၁၀ တန်း | သော့ကိုင်(၁) | ၀၉- ၇၇၅၁၁၇၉၄ | |
| ၇ | ဒေါ်ကေသွယ်ခိုင် | ဦးကျော်ဝင်း | ၈/သရန (နိုင်) ၁၂၂၈၃၅ | ၁၀ တန်း | သော့ကိုင်(၂) | ၀၉- ၇၉၄၃၆၇၅၁၁ | |
| **ဝယ်ယူရေးကော်မတီဝင်များ** | | | | | | | |
| ၁ | ဦးလှအောင် | ဦးစံကြည် | ၈/သရန (နိုင်) ၀၃၁၉၂၄ | ၇ တန်း | ဥက္ကဋ္ဌ | ၀၉- ၄၅၄၈၃၁၈၁၃ | |
| ၂ | ဒေါ်သိမ့်သိမ့်အေး | ဦးအောင်ရီ | ၈/အလန (နိုင်) ၀၇၁၀၆၃ | ၁၀ တန်း | စာရင်းကိုင် | ၀၉- ၇၆၉၄၅၃၄၄၁ | |
| ၃ | ဦးလှမျိုးကို | ဦးရွှေထွန်း | ၈/သရန (နိုင်) ၀၇၉၉၃၁ | B.A(Geo) | ဘဏ္ဍာရေးမှူး | ၀၉- ၇၉၉၀၁၅၁၉၀ | |

| ချက်လက်မှတ်တွင် လက်မှတ်ထိုးမည့်သူများ | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ဦးထွန်းအောင်ကျော် | ဦးထွန်းရင် | ၈/သရန (နိုင်) ၀၃၁၉၃၀ | ၇ တန်း | ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဌ | ၀၉- ၇၆၀၇၂၁၅၆၆ | |
| ၂ | ဦးလှအောင် | ဦးစံကြည် | ၈/သရန (နိုင်) ၀၃၁၉၂၄ | ၇ တန်း | ဝယ်ယူရေးကော်မတီ ဥက္ကဌ | ၀၉- ၄၅၄၈၃၁၈၁၃ | |
| ၃ | ဒေါ်သန်းသန်းမွေး | ဦးမြင့်ကျော် | ၈/သရန (နိုင်) ၁၀၆၀၆၆ | ၈ တန်း | အတွင်းရေးမှူး | ၀၉- ၇၅၉၂၈၉၈၄၁ | |

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၂ | ၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၂ | ၉ | ၂၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၀ | ၇ | ၁၇ |
| ၁၀နှစ်မှ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၁၇ | ၃၄ |
| ၁၅နှစ်မ ၆၄နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၃ | ၁၆၇ | ၃၀၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၇ | ၂၀ | ၃၇ |
| **စုစုပေါင်း** | | **၁၉၁** | **၂၂၂** | **၄၁၃** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၀၆** | | |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ **ပေခုံ**ကျေးရွာတွင် အိမ်ထောင်စု (၁၀၆)စု၊ အမျိုးသား (၁၉၁)ဦး၊ အမျိုးသမီး (၂၂၂)ဦး ဖြစ်ပြီး လူဦးရေစုစုပေါင်း (၄၁၃)ဦး နေထိုင်လျှက်ရှိပါသည်။ နေထိုင်သူလူဦးရေ၏ (၆%)ခန့်မှာ မွေးကင်းစမှ ၅-နှစ် အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေအရွယ် ကလေးဦးရေ (၁၂%)၊ သက်ကြီးရွယ်အိုဦးရေ (၉%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်) အတွင်း အလုပ်လုပ်နိုင်သောအရွယ်ရှိ လူဦးရေ (၇၃%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဆိုပါက ဒေသစီးပွားရေး တိုးတက်အောင်စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာအိမ်ထောင်စုအားလုံးမှာ ဗမာလူမျိုးများ ဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၁ | ၁၅၃ | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | ၁၆ | ၃၆ | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၃ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၄ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | | | | | |
| ၅ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၆ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၇ | **ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၈ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | မြင့် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၉ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၀ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | လတ် |
| ၁၁ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | လတ် |
| ၁၂ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | လတ် |
| ၁၃ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း/ရာသီအလိုက် အလုပ်သမား | ၅ | ၁၂ | | |
| ၁၄ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၅ | ၅၁ | လတ် |
| | **စုစုပေါင်း** | ၁၀၆ | ၂၀၇ | ၅၈ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး လေ့လာတွေ့ရှိချက်။ ။ အဓိကဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှု အနေဖြင့် ကျေးရွာနေ အိမ်ထောင်စု၏ (၆၇%)မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိက လုပ်ကိုင်ကြပြီး၊ မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၁%)၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ (၁%) နှင့် နေ့စား/ကျပန်း လုပ်ကိုင်သူ အိမ်ထောင်စု(၅%)ရှိပါသည်။ အဓိကလုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည့် တွဲဖက်လုပ်ငန်းများအဖြစ် ပညာရေးဌာန/ ကျန်းမာရေး ဌာန/ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစသည်တို့တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ်လည်းကောင်း၊ ကိုယ်ပိုင် လုပ်ငန်းများအဖြစ် ကားများဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်း ဆောင်ရွက်ကြပြီး အိမ်ထောင်စု၏ (၃၀%)မှာ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ သွားရောက် အလုပ်လုပ်ကိုင်ကြ ကြောင်း သိရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၃၀၀၀ | ၂၅၀၀ | ၂၀၀၀ | ၁၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | – | – | – | – |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန် | နေ့စား | – | – | – | – |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ငါးဖမ်းခြင်း၊ မွေးမြူခြင်း | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | – | – | – | – |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | – | – | – | – |
| ၈ | လက်လီ–လက်ကားရောင်းဝယ်ရေး | နေ့စား | – | – | – | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်) | နေ့စား | – | – | – | – |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | – | – | – | – |

ရင်းမြစ်.. ဦးတည်အုပ်စု ဆွေးနွေးခြင်း -ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပျိုးကြဲချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် အများဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၃၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၂၅၀၀ိ/-)နှုန်းနှင့် အနည်းဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦး လျှင် (၂၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၁၅၀၀ိ/-)နှုန်းအငှားခေါ်၍ လုပ်ငန်း ဆောင်ရွက် ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ
(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ
ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး |
| --- | --- | --- |
| လယ်မြေ | ၁၂၄.၂၁ | သင့် |
| ယာမြေ / တောင်ယာမြေ | ၈၈.၂၅ | ညံ့ |
| ဥယျာဉ်ခြံမြေ | ၂၃.၂ | သင့် |
| ကိုင်း/ကျွန်းမြေ | ၁၂၅.၁ | သင့် |
| ဓနိတောမြေ | | |
| စားကျက်မြေ | ၅၂.၇၅ | သင့် |
| မြေလွတ်မြေလပ် | ၈ | သင့် |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး |
| --- | --- | --- |
| စုစုပေါင်း | ၄၂၁.၅၁ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၁၂၄.၂၁)ဧက၊ ယာမြေ(၈၈.၂၅)ဧက၊ ဥယျာဉ်ခြံမြေ (၂၃.၂)၊ ကိုင်း (၁၂၅.၁)ဧက၊ စားကျက်မြေ(၅၂.၇၅)ဧကနှင့် မြေလွတ်မြေလပ် (၈)ဧက စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၄၂၁.၅၁)ဧက ပိုင်ဆိုင် ကြောင်းတွေ့ရှိရပါသည်။ တောင်သူအိမ်ထောင်စု တစ်စုလျှင် ပျှမ်းမျှ (၅)ဧကခန့် ပိုင်ဆိုင် ကြောင်း တွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု | အသုံးချနိုင်မှု |
| --- | --- | --- |
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | မရှိ | ခက် |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | နည်း | ခက် |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု | အသုံးချနိုင်မှု |
|---|---|---|
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | နည်း | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ပေခုံကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတ များ မထွက်ရှိပါ။ နွားစာ/ ဝက်စာများအဖြစ် စားကျက်မြေ နည်းပါးကြောင်း၊ တွင်းထွက် သယံဇာတ မရှိကြောင်း၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာ ရှိပြီး အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၄)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁)ဧကနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၁)ဧက အောက် | မြေမရှိ |
| အိမ်အခြေအနေ | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ဝါးထရံကာ၊ ဝါးခင်း၊သွပ်မိုး | ဝါးထရံကာ၊ဝါးခင်း၊ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင် စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| | | | | သက်ကယ်မိုး/ သွပ်မိုး |
| ကုန်ထုတ်လုပ်မှု နှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား |
| အခြားပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ ဖုန်း(၂)လုံးနှင့် အထက်၊တီဗွီ၊ စလောင်း၊ ရေဒီယို | ဆိုင်ကယ်၊ဖုန်း(၁ )လုံး၊တီဗွီ၊စလော င်၊ ရေဒီယို | ဖုန်း | – |
| အဓိကစီးပွားရေ း လုပ်ငန်း | တောင်သူ၊ သယ်ယူပို့ ဆောင်ရေး | တောင်သူ | တောင်သူ၊ ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၃၀ | ၃၆ | ၁၈ | ၂၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနေအိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့်များခွဲခြားရာတွင် အဆင်ပြေသောအိမ်ထောင်စု (၅)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၁၀)စု၊ မပြေလည်သော အိမ်ထောင်စု (၆၇)စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၃၇)စု ရှိကြောင်း တွေ့ရှိရပါသည်။ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် ကျေးရွာသည် တောင်သူ အများစုနေထိုင်သည့် ကျေးရွာဖြစ်သည့်အတွက် လယ်/ယာမြေဧက ပိုင်ဆိုင်မှု အခြေအနေ၊ ကုန်ထုတ်လုပ်ငန်းနှင့်ဆိုင်သော စက်ပစ္စည်းပိုင်ဆိုင်မှုအခြေအနေ၊ အခြားစက်ပစ္စည်း ပိုင်ဆိုင် မှု အခြေအနေတို့အပေါ်မူတည်၍ အဆင့်သတ်မှတ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၄ | ချေးယူ = အိမ်ထောင်စု(၄)စု<br>လုပ်အားခကြိုယူ = အိမ်ထောင်စု (၄)စု |
| ၃လ နှင့် ၆လ ကြား ဝမ်းစာဖူလုံမှု | – | အခြားအစားအစာပြောင်းလဲစား=…………………<br>အစာလျော့စား =…………………<br>အထောက်အပံ့ယူ =…………………<br>ချေးယူ =…………………<br>လုပ်အားခကြိုယူ =………………… |
| ၆လ နှင့် ၁၂လ ကြား ဝမ်းစာဖူလုံမှု | – | အခြားအစားအစာပြောင်းလဲစား=…………………<br>အစာလျော့စား =…………………<br>အထောက်အပံ့ယူ =…………………<br>ချေးယူ =…………………<br>လုပ်အားခကြိုယူ =………………… |

ရင်းမြစ်..ဉစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မပြေလည်သော အိမ်ထောင်စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု စုစုပေါင်း (၄၀)စု ရှိသည့်အနက် အိမ်ထောင်စု (၄)စုခန့်မှာ ဝင်ငွေနည်းပါးသော ကာလများတွင် ဆွေမျိုး/ မိတ်ဆွေများနှင့် ငွေတိုးချေးသူများထံမှ ချေးယူခြင်းနှင့် လုပ်အားခ ကြိုယူခြင်းတို့ဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရ ကြောင်းသိရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | _ | _ | _ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် | _ | _ | _ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | _ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | _ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထိခိုက်လွယ်သော အိမ်ထောင်စုများအဖြစ် ဆင်းရဲ၍ မိသားစုဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၁)စု သာရှိကြောင်း တွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် |
| ၃ | ရေကြီးခြင်း | မရှိ |
| ၄ | မိုးခေါင်ခြင်း | နိမ့် |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မုန်တိုင်း | မရှိ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၇ | ငလျင် | နိမ့် |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ |
| ၁၃ | တီဘီရောဂါ | မရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | လတ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပေခုံကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေအား လေ့လာရာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု(၂၂)စုအနက် (၄)စုသည် စားနပ်ရိက္ခာ မဖူလုံမှု အနည်းငယ်ကြုံတွေ့ရကြောင်း၊ စိုက်ပျိုးရေးရရှိမှုအနေဖြင့် မိုးတွင်းကာလတွင်သာ စိုက်ပျိုးရေးဖူလုံမှုရှိပြီး အခြားကာလများတွင် စိုက်ပျိုးရေး မလုံလောက်မှုများ ကြုံတွေ့ကြရကြောင်း၊ လမ်းပန်း ဆက်သွယ်ရေး အနည်းငယ်ခက်ခဲကြောင်းတွေ့ရှိရပါသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | လူငယ် | နိမ့် |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် |
| ၃ | ဆင်းရဲသားတောင်သူ | မြင့် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ | မြင့် |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| | ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | လတ် |
| ၉ | ငါးကန်ပိုင်ရှင်များ | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | လတ် |
| ၁၁ | လူနည်းစုလူမျိုးများ | လတ် |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | နိမ့် |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် |
| ၁၄ | ရွှေတွင်းလုပ်သားများ | မရှိ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ |
| ၁၆ | နေရပ်ပြန် အခြေချသူများ | လတ် |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | လတ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပေခုံကျေးရွာတွင် နေထိုင်သူများအနက် ထိခိုက်သက်ရောက် မှု ခံရနိုင်သည့်သူများမှာ ဆင်းရဲသောတောင်သူ အိမ်ထောင်စု၊ မြေယာမဲ့ ဆင်းရဲသား တောင်သူများ၊ လက်လုပ်လက်စားများနှင့် ကျပန်းလုပ်သားများဖြစ်ပြီး ၄င်းတို့သည် စားနပ်ရိက္ခာ မဖူလုံမှုနှင့် ကြွေးမြီတင်ရှိမှု အများဆုံး ကြုံတွေ့ရကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စ | အဖွဲ့အစည်း | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | လုပ်ငန်းတာဝန် | စွမ်းဆောင် |
|---|---|---|---|---|---|

| ဦ | အမည် | | ကျား | မ | ပေါင်း | | နိုင်မှု |
|---|---|---|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖအဖွဲ့ | လူမှုရေးအဖွဲ့ | ၁၀ | | ၁၀ | ဘာသာရေး | သင့် |
| ၂ | အုပ်ချုပ်ရေး အဖွဲ့ | | ၁၀ | | ၁၀ | လုံခြုံရေးနှင့် ကာကွယ်ရေး | သင့် |
| ၂ | ပရဟိတအဖွဲ့ | လူမှုရေးအဖွဲ့ | ၅ | ၅ | ၁၀ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၄ | လူငယ်အဖွဲ့ | လူမှုရေးအဖွဲ့ | ၁၀ | | ၁၀ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၅ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | လူမှုရေးအဖွဲ့ | ၆ | ၆ | ၁၂ | ပညာရေး | သင့် |
| ၆ | ဓမ္မစကူးအဖွဲ့ | ဘာသာရေးနှင့် ယဉ်ကျေးမှု အဖွဲ့ | ၄ | ၇ | ၁၁ | သာရေး/နာရေး/ လူမှုဖွံ့ဖြိုးရေး | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပေခုံကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ- ဘာသာရေးအသင်းအဖွဲ့များအဖြစ် ဓမ္မစကူးအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ ပရဟိတအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့များအဖြစ် အုပ်ချုပ်ရေးအဖွဲ့တို့ ဖွဲ့စည်းဆောင်ရွက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ပေခုံကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၁၈ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေကြား | ၃၆ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေကြား | ၂၇ | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | ၃ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၀၆ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ပေခုံကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ (၅)ကေမှ(၁၂.၅) ကေကြား ပိုင်ဆိုင်သူ အိမ်ထောင်စု(၃၀)စု၊ အလယ်အလတ်အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၅၄)စု၊ မြေပိုင်ဆိုင်မှု မြေယာမဲ့ လက်လုပ်လက်စား အိမ်ထောင်စု (၂၂)စု ရှိကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် | ရေရရှိနိုင်မှု |
|---|---|---|---|

| | | (ဧက) | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
|---|---|---|---|---|
| ၁ | မိုးရေ | ၄၁၄.၁ | ရာသီအလိုက် | မရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာမှ တောင်သူများအနေဖြင့် မိုးရေကိုသာအဓိကထား စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် | အမြတ်ရရှိနိုင်မှု |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| နှမ်း | ၁၂၅.၁ | တင်း | ၃ | ၁၂ | ၅ | ကဆုန် | တော်သလင်း | မြင့် | နိမ့် |
| စပါး | ၁၂၄.၂၁ | တင်း | ၃၈ | ၈၀ | ၆၀ | နယုန် | သီတင်းကျွတ် | မြင့် | နိမ့် |
| မြေပဲ | ၁၂၅.၁ | ပိဿာ | ၃၅၀ | ၅၀၀ | ၄၀၀ | သီတင်းကျွတ် | တပို့တွဲ | မြင့် | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ နှမ်း၊ မြေပဲတို့ဖြစ်ပါသည်။ နှမ်းအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၃)တင်း၊ အများဆုံး (၁၂)တင်းနှင့် ပျမ်းမျှ (၅)တင်း ထွက်ရှိပါသည်။ မြေပဲ(၁)ဧက အထွက်နှုန်းမှာ အနည်းဆုံး (၃၅၀)ပိဿာ၊

အများဆုံး (၅၀၀)ပိဿာနှင့် ပျမ်းမျှ (၄၀၀)ပိဿာ ထွက်ရှိပါသည်။ စပါးအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၃၈)တင်း၊ အများဆုံး (၈၀)တင်းနှင့် ပျမ်းမျှ (၆၀)တင်း ထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ်အနေဖြင့် အသင့်အတင့်ရရှိပါသည်။ မျိုးကောင်းမျိုးစေ့၊ ဓါတ်မြေ ဩဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေးစသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း မြေဆီလွှာ မကောင်းသဖြင့် အထွက်နှုန်း နည်းပါးကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၁ | – | – | ၁၄၉ |
| လက်တွန်းထွန်စက် | ၇ | – | – | – |
| အစေ့ချ ကိရိယာ | ၁ | – | – | ၂၀ |
| ရိတ်သိမ်းခြွေလှေ့စက် | – | – | – | – |
| ရိတ်သိမ်းစက် | – | – | – | – |
| ခြွေလှေ့စက် | ၂ | – | – | ၅၆ |
| ရေစုပ်စက် | ၂၂ | – | – | – |
| ခြေနင်းရေတင်စက် | ၂၃ | – | – | – |
| မြက်ရိတ်စက် | ၁၅ | – | – | – |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှုအနေဖြင့် ပုဂ္ဂလိကပိုင် ပုဂ္ဂလိကပိုင် လယ်ထွန်စက် (၁)စီး၊ လက်တွန်းထွန်စက်(၇)စီး၊ အစေ့ချကိရိယာ(၁)စက်၊

ခြွေလှေ့စက်(၂)စက်၊ ရေစုပ်စက်(၂၂)စက်၊ ခြေနင်းရေတင်စက်(၂၃)စက်နှင့် မြက်ရိတ်စက်(၁၅)စက်ရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးမြေဧက အနည်းငယ်သာပိုင်ဆိုင်သော အိမ်ထောင်စုများအနေဖြင့် မိသားစုလုပ်အားဖြင့်သာ လုပ်ကိုင်ကြပြီး မြေဧက(၅)ဧကမှ (၁၂)ဧကနှင့်အထက် ပိုင်ဆိုင်သော အိမ်ထောင်စုများမှာလည်း မိသားစုဝင်လုပ်အားဖြင့်သော်လည်းကောင်း၊ လိုအပ်ပါက ထွန်စက်ငှား၍သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝ ရေမြေရာသီဉတု အနေအထား | **သင့်တင့်မျှတ** |
| လယ်ယာမြေ အသုံးချနိုင်မှု | **သင့်တင့်မျှတ** |
| စိုက်ပျိုးရေ အရင်းအမြစ် | **အသင့်အတင့်ရှိ** |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | **ရသည်** |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်** |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | **ဝယ်ယူရနိုင်သည်** |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | **ဝယ်ယူရနိုင်သည်** |
| လုပ်သားရရှိနိုင်မှု | **ရနိုင်သည်** |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | **ရနိုင်သည်** |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | **သီးနှံများကို ရောင်းချနိုင်သည်** |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။**  ။ **ပေခုံ**ကျေးရွာ၏ သဘာဝရေမြေရာသီဥတုအနေအထား အနေဖြင့် မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ခြင်း၊ ရာသီဥတုကောင်းမွန်မည်ဆိုပါက စိုက်ပျိုးရေ ရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့များ၊ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေသြဇာနှင့် အခြား ပိုးသတ်ဆေး၊ ဓါတ်မြေသြဇာစသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းနှင့် အရင်းအနှီး အဖြစ် သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဘဏ်မှ ချေးငွေများရရှိခြင်း၊ လုပ်သားအလွယ် တကူ ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ရရှိခြင်းတို့သည် ကျေးရွာနေ တောင်သူများအတွက် များစွာအထောက်အကူပြုလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | **ရာသီဥတုမမှန်** |
| လယ်ယာမြေ အသုံးချနိုင်မှု | **လယ်ယာမြေဆုံးရှုံးမှု များသည်** |
| စိုက်ပျိုးရေ အရင်းအမြစ် | **အလွယ်တကူမရနိုင်** |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူမရနိုင်** |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | **အလွယ်တကူမရနိုင်** |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | **အလွယ်တကူမရနိုင်** |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | **အလွယ်တကူမရနိုင်** |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူမရနိုင်** |
| နည်းပညာဝန်ဆောင်မှုများ | အလွယ်တအကူမရနိုင် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မ ရောင်းချနိုင်ပါ။ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | **ဆိုးဝါးစွာကျ** |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ ရာသီဥတုမမှန်ခြင်းဖြစ်ပါသည်။ ရေသွင်းစိုက်ပျိုးရန်အတွက် ရေအရင်းအမြစ်ရှားပါးပါသည်။ သီးနှံအထွက်တိုးရန်နှင့် မြေဩဇာကောင်းရန် နည်းပညာလိုအပ်လျှက်ရှိပါသည်။

**(၁) မွေးမြူရေး ဆောင်ရွက်မှုအခြေအနေ**

**ဇယား** (၁၉) **မွေးမြူရေး ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးလုပ်ငန်းလုပ်ကိုင် နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၅၅ | ၁၆၇ |
| **နို့စားနွား** | - | - |
| **ကျွဲ** | - | - |
| **မြင်း** | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၇ | ၂၂ |
| ကြက် | ၆၆ | ၂၃၄ |
| ဘဲ | | |
| နွားနောက် | | |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ **ပေခုံ**ကျေးရွာတွင် ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၇)စုရှိပြီး ဝက်အကောင်ရေ (၂၂)ကောင်၊ ကြက်မွေးမြူ ရေးလုပ်ကိုင်သူအိမ်ထောင်စု (၆၆)စု ရှိပြီး ကြက်ကောင်ရေ (၂၃၄)ကောင်နှင့် နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၅၅)စုရှိပြီး နွားအကောင်ရေ (၁၆၇)ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက်  အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **စားကျက်မြေ** | အသင့်အတင့်ရရှိနိုင်ပါသည်။ |
| **ရေရရှိမှု** | အသင့်အတင့်ရရှိနိုင်ပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်ပါသည်။ |
| ချေးငွေ | ချေးငွေ အသင့်အတင့်ရနိုင်ပါသည်။ |
| သွင်းအားစု (မွေးမြူရေး **အစာ၊ဆေးစသည်**)ဈေးကွက် | သွင်းအားစုများ ဝယ်ယူနိုင်သည် ။ |
| ဝန်ဆောင်မှု နှင့် နည်းပညာ ပံ့ပိုးမှု | နည်းပညာ ဝန်ဆောင်မှုများ ရနိုင်သည်။ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို ရောင်းချနိုင်ပါသည် ။ |
| **အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု** | အသင့်အတင့်ရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရန် မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်ခြင်း၊ ချေးငွေအသင့်အတင့်ရရှိနိုင်ခြင်းနှင့် သွင်းအားစုများ ဝယ်ယူနိုင်ခြင်းတို့သည် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် အထောက်အကူပြုသည့် အခွင့်အလမ်းများ ဖြစ်ပါသည်။

(၃) မွေးမြူရေး တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **စားကျက်မြေ** | **စားကျက်မြေရှားပါသည်။** |
| **ရေရရှိမှု** | **မဖြေဆိုပါ** |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | **မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူမရပါ။** |
| ဈေးငွေ | **ဈေးငွေလွယ်ကူစွာ မရနိုင်ပါ** |
| သွင်းအားစု **(မွေးမြူရေး အစာ၊ ဆေး စသည်)** ဈေးကွက် | **သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရနိုင်ပါ။** |
